[illegible]
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)989428659, S1: (+66) 895531206, S2: (+66) 650194009

## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ဥက္ကဋ္ဌ၊ ခူဦးရယ်၏ နှစ်သစ်ဆုတောင်းမိန့်ခွန်း

ရှေးဦးစွာ ဒီ ၂၀၂၂ ခုနှစ်၊ နှစ်သစ်အခါသမယမှာ ကရင်နီပြည်နှင့် ဗမာပြည်သူများ အပါအဝင် ကမ္ဘာသူ၊ကမ္ဘာသားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး ကမ္ဘာ့ကပ်ရောဂါဆိုးကြီးရဲ့ ခြိမ်းခြောက်မှုကနေလွှတ်မြောက်ပြီး အာဏာရှင်မှန်သမျှတို့ရဲ့ ညှင်းပမ်းနှိပ်စက်၊ သတ်ဖြတ်မှုအောက်ကနေ အမြန်ဆုံး လွတ်ကင်းနိုင်ကြပါစေလို့ ရင်တွင်းကနေ ဆို့နစ်စွာ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။

အထူးသဖြင့် ကရင်နီပြည်သူသားများနဲ့ ဗမာပြည်တဝှမ်းလုံးရှိ ပြည်သူ၊သားများအနေနဲ့ စစ်တပ်ကနေ တိုင်းပြည်အာဏာကို သိမ်းယူလိုက်တဲ့ ၂၀၂၁ ခုနှစ်၊ နှစ်ဦးကစပြီး ယနေ့တိုင် ဖမ်းဆီးညှင်းဆဲ၊ထောင်ချ၊သတ်ဖြတ်ရုံမက ကုန်းကြောင်း၊ လေကြောင်းနဲ့ သာလွန်တပ်ဖွဲ့ဝင် အင်အားများကို အသုံးပြုပြီး အပြစ်မဲ့ပြည်သူများကို အစီအစဉ်ရှိရှိနဲ့ လူမျိုးတုန်း သတ်ဖြတ်တဲ့ စစ်ဆင်ရေးတွေ ပြုလုပ်နေတာ (၁၀)လရှိလာပြီဖြစ်ပါတယ်။ ဒီကာလတွေမှာ ပြည်သူတစ်ရပ်လုံးဟာ မိမိကိုယ်ကို ကယ်တင်ရှင်များအဖြစ် ရှေ့ထွက်ပြီး မိမိကိုယ်ကို ကာကွယ်ယုံမက ပြည်သူအချင်းချင်းကာကွယ်ကယ်တင်ဖို့ နည်းလမ်းပေါင်းစုံကနေ ရဲရာလက်နက်တွေနဲ့ တိုက်ပွဲဝင်နေကြတာဟာ ဗမာပြည်သမိုင်းမှာ အထူးခြားဆုံးသော သမိုင်းမှတ်တမ်းတစ်ခုဘဲ ဖြစ်ပါတယ်။

ကရင်နီပြည်မှာ ခရစ်ယာန်များအနေနဲ့ အထူးကျင်းပလေ့ရှိတဲ့ ခရစ္စမတ်အခါတော်မြတ် နေ့ရက်မတိုင်ခင် တစ်ရက်အလို ဒီဇင်ဘာလ (၂၄) ရက်မှာ တုန်လှုပ်ခြောက်ခြားစရာ အစုလိုက်အပြုံလိုက် အမျိုးသမီးများနဲ့ ကလေးငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူများကို အရှင်လတ်လတ်ဓါတ်ဆီလောင်းမီးတင်ရှို့သတ်ဖြတ်ခဲ့တာဟာ အောင့်နလုံးနာစရာ သမိုင်းအမည်းစက်ဖြစ်သလို ၂၀၂၂ ခုနှစ်နှစ်သစ်မကူးခင်မှာလည်း စစ်လေယာဉ်တွေကို အသုံးပြုပြီး ပြည်သူကာကွယ်ရေးတပ်ဖွဲ့ဝင်များကို အမုန်းတရားကြီးစွာ စစ်ဆင်တိုက်ခိုက်ခဲ့တာကြောင့် ကရင်နီပြည်သူများအတွက် တစ်သက်တာ မေ့မရနိုင်တဲ့ သမိုင်းစာမျက်နှာဆိုးတစ်ခုဖြစ်စေခဲ့ပါပြီ။ အလားတူဖြစ်ရပ်တွေဟာ ဗမာပြည်အနှံ့အပြားမှာလည်း ဖြစ်ပေါ်လျက် ရှိနေပါတယ်။

ဗမာပြည်အပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ အာဏာရှင်စနစ်ဆိုးအောက်ကနေ အလုံးစုံသော ဖိနှိပ်ညှင်းဆဲ၊သတ်ဖြတ်မှုအောက်ကနေ အမြစ်မဲ့ကမ္ဘာသူ၊သားများမှ လွတ်ကင်းနိုင်ဖို့အတွက် အပြန်အလှန်မေတ္တာထားနားလည်ခွင့်လွှတ်ခြင်း၊ အပြန်အလှန်အသိအမှတ်ပြုခြင်း၊ အပြန်အလှန် ယုံကြည်ခြင်းများကို အခြေပြုပြီး မိမိကိုယ်ကျိုးကိုသာမကြည့်ဘဲ လက်တွဲညီညီနဲ့ စည်းလုံးညီညွတ်စွာ ခုခံတွန်းလှန်ကာကွယ်တိုက်ပွဲဆင်နွှဲကြရုံသာမက မတရားမှုမှန်သမျှ အဆုံးသတ်ဖို့ ဒီနှစ်သစ်အစကနေ ကိုယ်စီအသိနဲ့ စုပေါင်းရုန်းကန်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

အထူးသဖြင့် ဗမာပြည်မှာ မတူကွဲပြားလူမျိုးတိုင်းတို့မှ လူသားတစ်ဦးချင်းစီ၏ အနာဂါတ်ဘဝ လှပစွာရှင်သန်နိုင်ဖို့နဲ့ တန်းတူရည်တူလွတ်လပ်စွာ အာမခံချက်ရှိရှိ အတူတကွ အကျိုးတူမျှဝေခံစားနိုင်ဖို့ အနာဂါတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာဖို့အတူတကွ ဆက်လက်တိုက်ပွဲဝင်သွားကြဖို့ အထူးတိုက်တွန်းအပ်ပါတယ်။

ပြည်သူ၊သားများအားလုံး တစ်ဦးချင်းစီတိုင်း ကိုယ်စိတ်နှလုံးအေးချမ်းနိုင်ကြပါစေ။

ခူဦးရယ်
ဥက္ကဋ္ဌ
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

နေ့စွဲ။ ။ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်